# ၂၀၂၀ ပြည့်နှစ် ၊ မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်ပါလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ/အေဂျင်စီများ၊ အာဆီယံနှင့် ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကော်မတီ၏(၁-၅-၂၀၂၀)နေ့မှ (၃၁-၈-၂၀၂၀)နေ့အထိ (၄)လအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကျဉ်းချုပ်၍ ပြည်သူများသို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု




### ကျောက်ဖြူအထူးစီးပွားရေးဇုန်

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် (၁၆-၁-၂၀၂၀)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော Shareholder's Agreement သဘောတူစာချုပ်အရ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း ကုမ္ပဏီလီမိတက်အား Project Companyအဖြစ် (၆-၈-၂၀၂၀) ရက်နေ့တွင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

### ကညင်ချောင်း စီးပွားရေးဇုန်




မောင်တောမြို့ကညင်ချောင်းစီးပွားရေးဇုန် A(၄၉.၅၈)ဧက တည်ဆောက်ခြင်းလုပ်ငန်း၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေမှာလုပ်ငန်းအားလုံး၏(၉၉%)ဖြစ်ပြီး ကညင်ချောင်းစီးပွားရေးဇုန် လုပ်ငန်းအတွက် ဆက်လက်တည်ဆောက်နေသည့် လမ်းခင်းခြင်း၊ မြေထိန်းနံရံ၊ ဆိပ်ခံတံတား၊ Bored Pile တည်ဆောက်ရေးလုပ်ငန်းများမှာ(၉၈%)ပြီးစီးနေပြီဖြစ်ပါသည်။

## ကုမ္ပဏီမှတ်ပုံတင်ခြင်း



ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် ဒေသခံများ ပိုမိုပါဝင်လာနိုင်မှု အနေဖြင့် အစီရင်ခံကာလအတွင်း ဒေသခံကုမ္ပဏီ(၁၂၄)ခု ကို မှတ်ပုံတင်ခဲ့ပါသည်။




မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ကျီးကန်ရဲ ကျေးရွာအုပ်စု၊ မြဲဝကျေးရွာတွင် ကျပ်သန်း (၂၄၉၉.၂၇၂) တန်ဖိုးရှိသော ဟိုတယ်နှင့် အပန်းဖြေစခန်းတည်ဆောက်ခြင်း လုပ်ငန်းတစ်ခု ထပ်မံဆောင်ရွက်လာသည့်အတွက် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၃၁)ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၈)ခုတို့ဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၈)



နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၃၁)

## သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်း



အပ်ချုပ်စက်သင်တန်း(ရသေ့တောင်)



လျှပ်စစ်သွယ်တန်းခြင်းသင်တန်း(ကျောက်ဖြူ)


ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရန် သင်တန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း သင်တန်းစုစုပေါင်း (၂၆) ကြိမ်ကို သင်တန်းသား (၅၇၈)ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကာလအလိုက် သင်တန်းဖွင့်လှစ်ဆောင်ရွက်မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## သင်တန်းဖွင့်လှစ်ဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | အစီရင်ခံသည့် ကာလ | ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသောအသက် မွေးဝမ်းကျောင်းသင်တန်း | | အမျိုးသမီးဦးစားပေး အသက်မွေးဝမ်းကျောင်း သင်တန်း | | ငွေကြေး/စီးပွားရေး၊ ပညာပေးသင်တန်း | |
|---|---|---|---|---|---|---|---|
| ၁ | (၁-၁-၂၀၁၈)မှ(၃၁-၁၂-၂၀၁၈)ထိ | (၁၃၆၀) ဦး | (၄၈) ကြိမ် | (၁၈၃၈) ဦး | (၉၁) ကြိမ် | - | - |
| ၂ | (၁-၁-၂၀၁၉)မှ(၃၁-၈-၂၀၁၉) ထိ | (၁၀၉၆) ဦး | (၃၈) ကြိမ် | (၁၅၂၉) ဦး | (၆၂) ကြိမ် | (၃၄၄) ဦး | (၁၆)ကြိမ် |
| ၃ | (၁-၉-၂၀၁၉)မှ(၃၁-၁၂-၂၀၁၉) ထိ | (၇၄၂) ဦး | (၂၆) ကြိမ် | (၅၆၄) ဦး | (၂၇) ကြိမ် | (၄၂) ဦး | (၂) ကြိမ် |
| ၄ | (၁-၁-၂၀၂၀)မှ(၃၀-၄-၂၀၂၀) ထိ | (၈၂၄) ဦး | (၃၈) ကြိမ် | (၄၉၈) ဦး | (၂၆) ကြိမ် | (၁၄၃) ဦး | (၈) ကြိမ် |
| ၅ | (၁-၅-၂၀၂၀)မှ(၃၁-၈-၂၀၂၀)ထိ | (၂၃၀) ဦး | (၁၁) ကြိမ် | (၃၄၈) ဦး | (၁၅) ကြိမ် | - | - |
| စုစုပေါင်း | | (၄၂၅၂) ဦး | (၁၆၁) ကြိမ် | (၄၇၇၇) ဦး | (၂၂၁) ကြိမ် | (၅၂၉) ဦး | (၂၆) ကြိမ် |

## အလုပ်သမားမှတ်ပုံတင်ခြင်း

ကော်မတီစတင်ဖွဲ့စည်းခဲ့သည့်ကာလမှ ယခုအစီရင်ခံသည့်ကာလအထိ ရခိုင်ပြည်နယ်အတွင်း စုစုပေါင်း လူဦးရေ (၄၅၃၃၈)ဦးကို အလုပ်သမားမှတ်ပုံတင်ဆောင်ရွက်ခဲ့ပြီး (၄၃၄၁)ဦး အလုပ်အကိုင်ရရှိခဲ့ပါသည်။






## ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း

(၁၃-၆-၂၀၂၀)ရက်နေ့နှင့် (၁၀-၈-၂၀၂၀) ရက်နေ့တို့တွင် စစ်တွေမြို့ပေါ်ရှိ ဟိုတယ်များနှင့် ငပလီကမ်းခြေဒေသတွင် ဖွင့်လှစ်ထားသော ဟိုတယ်နှင့် တည်းခိုရိပ်သာ (၄) လုံးအား COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိနှင့် Facility Quarantine ဝင်ရောက်နေသူများအား စနစ်တကျနေရာချထားမှုရှိ၊ မရှိ စစ်ဆေးခြင်း၊

(၂၆-၆-၂၀၂၀)ရက်နေ့တွင် "ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၀) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး" ကျင်းပခြင်း၊

(၁၅-၈-၂၀၂၀)ရက်နေ့တွင် စစ်တွေမြို့ပေါ်ရှိ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များနှင့် ထိတွေ့ဆက်ဆံနေရသော မော်တော်ယာဉ်မောင်းများ၊ စက်လှေမောင်းသမားများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များမှ ဝန်ထမ်းများအား COVID-19 Relief Package 1 ခရီးသွားလုပ်ငန်း ဝန်ဆောင်မှု(အခြေခံ)(၈)ရက် သင်တန်းကို သင်တန်းသား (၂၀) ဦးဖြင့် ဖွင့်လှစ်ခြင်း၊

ရခိုင်ပြည်နယ်အတွင်းရှိ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းမြေနေရာ၊ အဆင့်မြင့်တည်းခိုရိပ်သာ တည်ဆောက်ရေးစီမံကိန်းအခြေအနေနှင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသည့် ဟိုတယ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း အခြေအနေတို့ကို(၄)ကြိမ်မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




ဌမြို့နယ်၊ ကင်းပုံကျေးရွာ ဟိုတယ်တည်ဆောက်ရေး စီမံကိန်းမြေနေရာစစ်ဆေးနေပုံ

## လမ်းပန်းဆက်သွယ်ရေး

အစီရင်ခံသည့်ကာလအတွင်း တံတား(၅)စင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီး (၁၉)စင်း ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

ကော်မတီစတင်ဖွဲ့စည်းခဲ့သည့်အချိန်မှ ယခု အစီရင်ခံသည့်ကာလအထိ ရခိုင်ပြည်နယ်တွင်တံတား စုစုပေါင်းအစင်း(၇၀)ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ(၅၁)စင်းကို ရာနှုန်းပြည့်တည်ဆောက် ပြီးစီးခဲ့ပါသည်။






ကွန်တိုင်တံတား တည်ဆောက်ပြီးစီးပုံ



တေန်ပျင်းတံတား တည်ဆောက်ပြီးစီးပုံ




ကင်းချောင်းတံတား တည်ဆောက်ပြီးစီးပုံ



မကျည်းချောင်း(ပန်းတောပြင်)တံတား တည်ဆောက်ပြီးစီးပုံ

## မေယုတောင်ကျော်(၄)လမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | မြို့နယ် | ဆောင်ရွက်မည့်လုပ်ငန်း | လမ်းပြီးစီးမှု ရာခိုင်နှုန်း | တံတားပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | မောင်တော | ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း | ၁၀၀ % | ၃၀ % |
| ၂ | မောင်တော/ဘူးသီးတောင် | ဥဒေါင်း-ညောင်ချောင်းတောင်ကျော်လမ်း | - | ၁၅ % |
| ၃ | မောင်တော | သက်ကိုင်ညာ-ပဒဂါးတောင်ကျော်လမ်း | ၂၃ % | ၂၅ % |
| ၄ | မောင်တော | ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း | ၇၈ % | - |



ကြိမ်ချောင်း-ဂုပ္ပိလမ်းတောင်ကျော်လမ်း
ဖို့မြေ/ဖြတ်မြေလုပ်ငန်းဆောင်ရွက်နေပုံ



ဥဒေါင်း-ညောင်ချောင်းတောင်ကျော်လမ်း Box Culvert
တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေပုံ



ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း (5.5m) အကျယ်
ကွန်ကရစ်ထပ်ပိုးခင်းခြင်း




သက်ကိုင်ညာ-ပဒဂါးတောင်ကျော်လမ်း Box Culvert
တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေပုံ

## ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်း

ငွေကျပ်(၄၀၁.၁၅၉)သန်းဖြင့် ကျောက်တော်၊ အမ်း၊ ရမ်းဗြဲ၊ ဂွ၊ မြေပုံနှင့် ကျောက်ဖြူ မြို့နယ်တို့တွင် မြေ/မြူန်းကျောက် ကုန်ထုတ်လမ်း(၇)လမ်း၊ အရှည်(၁၀/၁.၄၈)မိုင် ဆောင်ရွက် လျက်ရှိရာ ယခင်ဧပြီလကုန်အထိ (၉၀%) ပြီးစီးခဲ့ပြီး ယခုအစီရင်ခံသည့်(၄)လအတွင်း (၁၀၀%) ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။



ကျောက်တော်မြို့နယ်၊ အလယ်ကျွန်းကျေးရွာ
ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း

## ကုန်ထုတ်တံတားများတည်ဆောက်ခြင်း


ငွေကျပ်(၄၄၃.၅၆၂)သန်းဖြင့် ကျောက်တော်၊ သံတွဲ၊ အမ်း၊ ရမ်းဗြဲ၊ ဗူနှင့် ကျောက်ဖြူ မြို့နယ်(၆) မြို့နယ်တွင် လျာထားဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်တံတား (၃၂)စင်း၊ အရှည်(၃၆၆)ပေ အနက် အစီရင်ခံကာလ အတွင်း မြေပြင်အခြေအနေအရ မူလလျာထား Box Culvert (၂)စင်းအစား Slab Culvert(၉)စင်းသို့ Revised Estimate ရေးဆွဲ ဆောင်ရွက်ခဲ့သဖြင့် ကုန်ထုတ်တံတား (၃၉)စင်း၊ အရှည်(၄၀၈)ပေအဖြစ် ဆောင်ရွက်ခဲ့ရာ (၁၀၀%)၊ ပြီးစီးပြီဖြစ်ပါသည်။



ရမ်းဗြဲမြို့နယ်၊ မြေပုံပိုက်ဆိပ်ကျေးရွာ ကွန်ကရစ်တံတား(၂)တည်ဆောက်ခြင်းလုပ်ငန်း

## လေကြောင်းသယ်ယူပို့ဆောင်ရေး

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် (၄)လတာကာလအလိုက် ပြည်တွင်းခရီးစဉ်များ ပျံသန်းပို့ဆောင်ပေးနိုင်မှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-




## ရေကြောင်းသယ်ယူပို့ဆောင်ရေး




ကစ္ဆပနဒီ-၃ ရေယာဉ်

ကစ္ဆပနဒီ-၁၊ ကစ္ဆပနဒီ-၃၊ အောင်တံခွန် (၁၊ ၂၊ ၇) ရေယာဉ်များဖြင့် စစ်တွေ- မြေပုံ- ကျောက်ဖြူ၊ စစ်တွေ-ဘူးသီးတောင်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်း ရေကြောင်းအန္တရာယ် ကင်းရှင်းရေးအတွက် သင်္ဘော၊ စက်လှေများ၏ ပင်လယ်လုံခြုံမှု(LSA Certificate)အား အစီရင်ခံသည့်ကာလအတွင်း (၉၅)ကြိမ် ထုတ်ပေးနိုင်ခဲ့ပါသည်။

## တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ






မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရခိုင်ပြည်နယ်အတွင်း တယ်လီဖုန်း၊ အင်တာနက်၊ ဆက်သွယ်ရေးဝန်ဆောင်မှု တိုးတက်ရရှိစေရန် မြို့နယ်အလိုက်တိုးချဲ့ဆောင်ရွက်ပေးမှုအခြေအနေမှာ-

| စဉ် | အကြောင်းအရာ | (၁-၁-၂၀၁၈)မှ (၃၁-၁၂၂၀၁၈) ထိ | (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉) ထိ | (၁-၉-၂၀၁၉) မှ (၃၁-၁၂-၂၀၁၉) ထိ | (၁-၁-၂၀၂၀)မှ (၃၀-၄-၂၀၂၀) ထိ | (၁-၅-၂၀၂၀) မှ (၃၁-၈-၂၀၂၀) ထိ |
|---|---|---|---|---|---|---|
| ၁ | မိုဘိုင်းရေဒီယိုစခန်း တည်ဆောက်မှု | (၂၇၀) ခု | (၁၅၂) ခု | (၃၂) ခု | (၃၂) ခု | (၁၂) ခု |
| ၂ | Fibre Optic Cable | (၂၀၇) Km | (၂၈၀) Km | (၇၆၇.၅၅) Km | - | (၄၀) Km |
| ၃ | စာတိုက်ဝန်ဆောင်မှု | (၃၀) ခု | - | - | - | - |
| ၄ | အော်တိုတယ်လီဖုန်းလိုင်း | (၁၇) ခု | (၆၀) ခု | - | (၄) ခု | (၄) ခု |
| ၅ | ADSL Internet Line | (၃၇၇) ခု | - | - | (၁၉) ခု | - |
| ၆ | စာတိုက်စခန်း | (၇၉) ခု | - | - | (၃) ခု | - |

## လျှပ်စစ်ကဏ္ဍဆောင်ရွက်ပြီးစီးမှု

ရခိုင်ပြည်နယ်အတွင်း မြို့(၂၂) မြို့ရှိ မီးလင်းပြီးအိမ်ထောင်စုနှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေကို အောက်ပါအတိုင်းနှိုင်းယှဉ်တင်ပြအပ်ပါသည်-



## နိုင်ငံတော်ဓာတ်အားစနစ်

- အစီရင်ခံသည့်ကာလအတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတည်ဆောက်ပြီးစီးမှုအခြေအနေ

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာအတွက် ဓာတ်အားပေးရန်<br>• ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | ၆၉ % |
| ၂ | အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ(၅၃)ရွာအတွက်–<br>• ဓာတ်အားလိုင်းနှင့် ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း | ၄၉ % |
| ၃ | သံတွဲမြို့နယ်၊ ကျောက်ကြီးကျေးရွာအပါအဝင်ကျေးရွာ (၃၈) ရွာအတွက်–<br>• ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | ၅၅ % |
| ၄ | ကြိမ်ချောင်းခွဲရုံမှ တောင်ပြိုဝဲသို့ ၃၃ကေဗွီလိုင်း ၁၇မိုင်၊ တောင်ပြိုဝဲတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်း –<br>• ခွဲရုံမြို့ပြလုပ်ငန်း | ၁၀ % |



အမ်းမြို့နယ်၊ ဂဇုကိုင်းဓာတ်အားခွဲရုံ တည်ဆောက်နေပုံ



မောင်တောမြို့နယ်၊ ကြိမ်ချောင်းဓာတ်အားခွဲရုံ တည်ဆောက်နေပုံ

## ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု



ကျောက်ဖြူမြို့နယ်၊ဇင်ကျွန်းကျေးရွာ Mini Grid ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နေပုံ



မြေပုံမြို့နယ်၊ကျွန်းသာယာကျေးရွာ Mini Grid ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နေပုံ

တပ်ဆင်ရန်
စာချုပ်ချုပ်ဆိုပြီး
ဆိုလာမီးအိမ်
လျာထား(၁၃၃၉၄)စုံ



ကျေးရွာစုစုပေါင်း(၂၄၆)ရွာ



ဆိုလာမီး (၁၁၈၀၁) စုံ ရာနှုန်းပြည့် တပ်ဆင်ပြီး

၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် အီတလီနိုင်ငံမှချေးငွေ ကျပ်(၁၅၉၀.၇၂၈)သန်းဖြင့် မြောက်ဦး၊ ကျောက်တော်၊ မင်းပြားနှင့်ဘူးသီးတောင်မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာ(၃၁)ရွာ အတွက် တစ်အိမ်သုံး ဆိုလာ (၆၀)ဝပ်(၁၆၂၃)စုံ၊တစ်အိမ်သုံးဆိုလာ(၁၀၀)ဝပ် (၇၂၈)စုံနှင့် အများပြည်သူသုံးဆိုလာ(၃၄၃)စုံ၊ စုစုပေါင်းဆိုလာ (၂၆၉၄)စုံကို တပ်ဆင်နိုင်ရန် တင်ဒါအောင်သော ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

## ကျေးလက်ရေရရှိရေး



ဘူးသီးတောင်မြို့နယ်၊ ဂန္ဓမာကျေးရွာ
အိမ်တိုင်ရာရောက်ရေပေးရေးလုပ်ငန်း



ရမ်းဗြဲမြို့နယ်၊ တောလယ်ကျေးရွာ
မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း

### ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ

| လုပ်ငန်း | (၁-၁-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉) ထိ | (၁-၉-၂၀၁၉) မှ (၃၁-၁၂-၂၀၁၉) ထိ | (၁-၁-၂၀၂၀) မှ (၃၀-၄-၂၀၂၀) ထိ | (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀) ထိ | စုစုပေါင်း |
|---|---|---|---|---|---|---|
| လက်တူးတွင်း | ၁၈၁ | ၃၀ | ၈ | ၁၃ | ၂၂ | ၂၅၄ |
| ရေကန် | ၁၅၆ | ၇၀ | ၉ | ၂၇ | ၄၄ | ၃၀၆ |
| စိမ့်စမ်း | ၁၈ | ၁၄ | ၅ | ၁၃ | ၂ | ၅၂ |
| ရေကန်အနက်ရှိုက်ခြင်း | ၄၄ | - | - | - | - | ၄၄ |
| တွင်းတိမ် | ၅ | ၅ | - | - | - | ၁၀ |
| တွင်းနက် | - | ၁ | - | - | - | ၁ |
| အခြားရေရရှိရေး | ၅၁ | ၃၇ | ၁ | ၂၇ | ၄၂ | ၁၅၈ |

### ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကျေးရွာမတည်ငွေစီမံကိန်း



ရမ်းဗြဲမြို့နယ်၊ ကန်တော့ပြင်ကျေးရွာတွင်
ရန်ပုံငွေများပေးအပ်နေပုံ



## (၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်)အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ



(၁၃၉၇.၁၈၇)သန်း
၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်

ဘူးသီးတောင်၊ သံတွဲ၊ တောင်ကုတ်၊
ဂွနှင့် ရမ်းဗြဲမြို့နယ်များရှိ
ကျေးရွာ(၁၈)ရွာ



တည်ဆောက်ပြီးစီးသည့်
ကျေးလက်အိမ်ရာ(၂၀၀)လုံး

## (၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၂၀၁၉-၂၀၂၀
ဘဏ္ဍာနှစ်
(၂၂၁၃.၅၁၄) သန်း

မြို့နယ်(၁၃)ခု
ကျေးရွာ(၁၈၇)ရွာ
အိမ်ခြေ(၂၈၉၀၂)



လုပ်ငန်း(၁၉၉)ခု



အကျိုးခံစားရသူ
(၁၃၆,၆၈၇)ဦး

## လူထုဗဟိုပြုစီမံကိန်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ကျေးရွာ(၁၀၁)ရွာ)၊ လျာထားလုပ်ငန်း(၁၀၉)ခု

အစီရင်ခံသည့်ကာလ




လုပ်ငန်းများပြီးစီးမှု




စီမံကိန်းပထမနှစ်စက်ဝန်း

ပုဏ္ဏားကျွန်းမြို့နယ်၊ကျေးရွာ(၂၁)ရွာ၊
လျာထားလုပ်ငန်း(၂၁)ခု



လမ်းတံတား(၇)ခု

စီမံကိန်းဒုတိယနှစ်စက်ဝန်း

## အစီရင်ခံသည့်ကာလအတွင်းစီမံကိန်းလုပ်ငန်းပြီးစီးမှု



ဂွမြို့နယ်၊ တောင်ပတ်လည်ကျေးရွာအုပ်စု၊ ဆူးပုတ်ကုန်းကျေးရွာ ကျေးရွာလူထုနားနေဆောင်တည်ဆောက်ခြင်း




စီမံကိန်းဒုတိယနှစ်စက်ဝန်း (ဂွမြို့နယ်)



မြောက်ဦးမြို့နယ်၊ ကုလားချောင်းကျေးရွာ၊ ရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်း



ကျောက်တော်မြို့နယ်၊ အလယ်ကျွန်းကျေးရွာ၊ မြေသားရေကန်အနက်ရှိုက်တူးဖော်ခြင်းနှင့်ခြံစည်းရိုးကာရံခြင်း



သံတွဲမြို့နယ်၊ သပြေချိုင်ကျေးရွာ အလယ်တန်းကျောင်း (၂)ထပ်ဆောင်ပြန်လည်ပြင်ဆင်ခြင်း

## COVID-19 စီးပွားရေးကုစားမှုအစီအစဉ်(COVID-19 Economic Relief Plan-CERP) အရ Cash For Work (ဝင်ငွေရရှိရေး အလုပ်အကိုင်ဖန်တီးပေး) စီမံကိန်း လုပ်ငန်းများ

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်အတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် Cash For Work (ဝင်ငွေရရှိရေး အလုပ်အကိုင်ဖန်တီးပေး) စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ စတင်၍ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲနှင့်တောင်ကုတ်မြို့နယ်များရှိကျေးရွာ (၁၁၁)ရွာ၌ တစ်ရွာလျှင် ငွေကျပ်သိန်း(၁၀၀)ဖြင့်ဆောင်ရွက်ခဲ့ပါသည်။






ဘူးသီးတောင်မြို့နယ်၊ ပီရွက်-ပန်းကုံးမ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတား(၁)စင်း တည်ဆောက်ခြင်း

## အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးခြင်း







**မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်ခြင်း (ဘူးသီးတောင်မြို့နယ်)**

- မိုးစပါး (၁၃၅၅)ဧက၊
- ဝဠ(၅.၆၅)ဧက

**မျိုးကောင်းမျိုးသန့်မျိုးစေ့များဖြန့်ဖြူးခြင်**

- မိုးစပါး(၄၀၈၀၃.၅)တင်း၊
- သီဟိုဠ်(၂၂၅၀၀)ပင်၊
- ကော်ဖီပျိုးပင်(၂၀၀၀)ဧက၊
- ဝဠ(၇၅)ပိဿာ

**မျိုးသန့်စိုက်ပျိုးရေးဇုန်ထူထောင်ခြင်း**

- မိုးစပါး(၃၀၇၆)ဧက

### သုတေသနစမ်းသပ်ကွက်များဆောင်ရွက်ခြင်း (တောင်ကုတ်မြို့နယ်)

- မိုးစပါး (စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေး သုတေသနဌာန-Department of Agriculture-DOA+ Department of Agriculture Research-DAR) စမ်းသပ်ကွက်(၁၇)ကွက်၊
- မိုးစပါးသီးနှံပုံစံ စမ်းသပ်ကွက် (၃၁)ကွက်၊
- မိုးစပါး စိုက်နည်း စမ်းသပ်ကွက် (၁၂)ကွက်၊
- သစ်စိမ်းမြေဩဇာ စမ်းသပ်ကွက်(၄၀)ကွက်၊
- ထုံးစမ်းသပ်ကွက် (၂၀)ကွက်၊

### နည်းပညာပေးစံပြကွက်များ

- မိုးစပါး(တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း/Seeder) (၂၀၀)ဧက၊
- မိုးစပါး(Boxစနစ်ဖြင့် စိုက်ပျိုးခြင်း/ Raised Bed) (၃၉၅)ဧက၊
- မိုးစပါး(စပါးအစွမ်းဖွင့်စိုက်နည်းစနစ်/System of Rice Intensification-SRI) (၆၅)ဧက၊
- မိုးစပါး (စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ/Good Agricultural Practices-GAP)(၁၄၃)ဧက
- ဝဠ(၁၇.၀၅)ဧက
- ကော်ဖီ(၅)ဧက၊သီဟိုဠ်(၂၅)ဧက၊ရော်ဘာ(၂၀)ဧက

### ဥပဒေ၊နည်းဥပဒေများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများအား ကြီးကြပ်စစ်ဆေးခြင်း

- မြေဩဇာအရောင်းဆိုင်များစစ်ဆေးခြင်း(၈)ကြိမ်
- ပိုးသတ်ဆေးအရောင်းဆိုင်များစစ်ဆေးခြင်း (၈)ကြိမ်
- မျိုးစေ့အရောင်းဆိုင်များစစ်ဆေးခြင်း (၁၁)ကြိမ်၊

## စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဝန်ဆောင်မှုနှင့် အသိပညာပေးခြင်း



တောင်သူပညာပေး

သင်တန်း

(၂၈)ကြိမ်၊ (၁၁၀၃)ဦး



ဝန်ထမ်းစွမ်းဆောင်ရည်

မြှင့်တင်ရေးသင်တန်း

(၂၅)ကြိမ်၊ (၄၇၈)ဦး

စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်း

စုစုပေါင်း(၅၃)ကြိမ်၊ (၁၅၈၁)ဦး



မိုးစပါးကွင်းပြပွဲ

(၇)ကြိမ်



စိုက်ပျိုးရေးဆိုင်ရာ

ပညာပေးလက်ကမ်း

စာစောင်ဖြန့်ဝေခြင်း

(၅၀၇၉)စောင်

### COVID-19 Economic Relief Plan (CERP) တွင် ပါဝင်သည့် Action Plan အရ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ငါးမွေးတောင်သူများသို့ ငါးသားပေါက်များအား လွှဲပြောင်းပေးအပ်မှုအခြေအနေ



| မြို့နယ် | ငါးမွေးကန် (ဧက) | ငါးသားပေါက်ကောင်ရေ |
|---|---|---|
| ကျောက်တော် | ၇၆.၁၅ | ၁၅၂၃၀၀ |
| ဘူးသီးတောင် | ၁၁၆.၁၆ | ၁၀၇၈၂၀၀ |
| မောင်တော | ၂၅.၀၀ | ၅၀၀၀၀ |
| စုစုပေါင်း | ၂၁၇.၃၁ ဧက | ၄၃၄၅၀၀ |

### စက်ပစ္စည်းများအစားထိုးသုံးစွဲခြင်း

- အစီရင်ခံသည့်ကာလအတွင်းတောင်သူများသို့အရစ်ကျငွေချေစနစ်ဖြင့်လက်တွန်းထွန်စက်(၂၄၁)စီး ရောင်းချနိုင်ခဲ့ပြီး ယခင်ကာလများအတွင်း ရောင်းချခဲ့မှုကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

| စဉ် | ကာလ | ထွန်စက်ကြီး | လက်တွန်းထွန်စက် | ခြွေလှေ့စက် |
|---|---|---|---|---|
| ၁ | (၁-၅-၂၀၁၈) မှ(၃၁-၁၂-၂၀၁၈) အထိ | - | ၄၁၀ | ၂ |
| ၂ | (၁-၁-၂၀၁၉) မှ (၃၁-၈-၂၀၁၉) အထိ | ၆ | ၃၈၃ | ၃ |
| ၃ | (၁-၉-၂၀၁၉) မှ(၃၁-၁၂-၂၀၁၉) အထိ | - | ၂၂ | - |
| ၄ | (၁-၁-၂၀၂၀) မှ(၃၀-၄-၂၀၂၀) အထိ | - | ၈၄ | - |
| ၅ | (၁-၅-၂၀၂၀) မှ(၃၁-၈-၂၀၂၀) အထိ | - | ၂၄၁ | - |
| စုစုပေါင်း | | ၆ | ၁၁၄၀ | ၅ |







အစီရင်ခံသည့်ကာလအတွင်း ဌာနပိုင်စက်ယန္တရားများဖြင့် ဆောင်းသီးနှံ(၁၈၅၉၃)ကေလွှာ ထွန်ယက်စိုက်ပျိုးနိုင်ခဲ့ပါသည်-

| ကာလ | | |
|---|---|---|
| (၁-၅-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈)ထိ | စိုက်ပျိုးမှု (မိုးစပါး) | (၁၉၆၂၇) ကေလွှာ |
| | ရိတ်သိမ်းခြွေလှေ့ခြင်း | (၄၇၉၀) ကေ |
| (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉)ထိ | စိုက်ပျိုးမှု (မိုးစပါး) | (၁၉၆၂၇) ကေလွှာ |
| | ရိတ်သိမ်းခြွေလှေ့ခြင်း | (၄၇၉၀) ကေ |
| (၁-၉-၂၀၁၉)မှ (၃၁-၁၂-၂၀၁၉)ထိ | စိုက်ပျိုးမှု (မိုးစပါး) | (၃၅၁၈) ကေလွှာ |
| | ရိတ်သိမ်းခြွေလှေ့ခြင်း | (၃၁၆၀) ကေ |
| (၁-၁-၂၀၂၀)မှ (၃၀-၄-၂၀၂၀)ထိ | စိုက်ပျိုးမှု (ဆောင်းသီးနှံ) | (၂၈၄၅) ကေလွှာ |
| | ရိတ်သိမ်းခြွေလှေ့ခြင်း | (၃၄၂၈) ကေ |
| (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀)ထိ | စိုက်ပျိုးမှု (ဆောင်းသီးနှံ) | (၁၈၅၉၃) ကေလွှာ |
| | ရိတ်သိမ်းခြွေလှေ့ခြင်း | ( - ) ကေ |





- (၂၁-၆-၂၀၂၀)ရက်နေ့တွင် ဝမြို့နယ် ရဟိုင်ကွင်းကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာမှ တောင်သူများနှင့် မိုးစပါးမျိုးစေ့ထုတ်လုပ်ကြမည့် တောင်သူများအား စိုက်ပျိုးရေးသွင်းအားစုမျိုးစေ့များ၊ ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## MSME အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများအား ချေးငွေထုတ်ချေးခြင်း




| ကာလ | JICA Two Step Loan ချေးငွေ | | မြေနှင့်အဆောက်အဦ အာမခံယူ၍ချေးငွေ | | JICA MSME (Two Step Loan) ချေးငွေ | | ချေးငွေအာမခံလက်မှတ်(CGI)ဖြင့် အာမခံယူ၍ချေးငွေ | | ၉ % အတိုးနှုန်းဖြင့် ချေးငွေ | |
|---|---|---|---|---|---|---|---|---|---|---|
| | ဦးရေ | ကျပ်သန်း | ဦးရေ | ကျပ်သန်း | ဦးရေ | ကျပ်သန်း | ဦးရေ | ကျပ်သန်း | ဦးရေ | ကျပ်သန်း |
| ၁-၁-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ထိ | ၁၅၂၆ | ၅၉၆၀၆.၁၈၂ | ၁၀၁ | ၃.၀၉၆ | - | - | ၁၅ | ၂၉၇ | ၃၂ | ၁၀၆.၁၆ |
| ၁-၁-၂၀၁၉ မှ ၃၁-၈-၂၀၁၉ ထိ | ၆၁၁ | ၂၄၈၆၈.၁၁၈ | ၁၀၂ | ၃.၁၃၈ | ၁ | ၂၀ | - | - | ၁၀ | ၃၈.၉၀ |
| ၁-၉-၂၀၁၉ မှ၃၁-၁၂-၂၀၁၉ ထိ | ၁ | ၄၅.၄၀၀ | ၃၆ | ၁.၂၆၀ | ၈ | ၂၂၇ | - | - | ၂ | ၁၈.၀၀ |
| ၁-၁-၂၀၂၀ မှ ၃၀-၄-၂၀၂၀ ထိ | ၂၉ | ၁၃၁၆.၆၀၀ | ၃၃ | ၁.၀၅၄ | ၁ | ၂၀၀ | - | - | - | - |
| ၁-၅-၂၀၂၀ မှ၃၁-၈-၂၀၂၀ ထိ | ၂ | ၈၃.၇၂၀ | ၂၉ | ၀.၉၉၅ | ၁ | ၂၀၀ | - | - | ၁၅ | ၄၅.၈၀ |
| စုစုပေါင်း | ၂၁၆၉ | ၈၅၉၂၀.၀၂၀ | ၃၀၁ | ၉.၅၄၃ | ၁၁ | ၆၄၇ | ၁၅ | ၂၉၇ | ၅၉ | ၂၀၈.၈၆ |

မှတ်ချက်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလကုန်အထိ (၉%)အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ မေလမှ စတင်၍ (၆.၅%)အတိုးနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပါသည်။

လုပ်ငန်းရှင်(၁)ဦးအား အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ ချေးငွေရရှိမှု လွယ်ကူစေရန် လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးခဲ့ပါသည်။

## စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးခြင်း

| ကာလ | ငွေပမာဏ (ကျပ်သန်း) |
|---|---|
| ၁-၁-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ ထိ | ၈၆၇၂၈.၇ |
| ၁-၁-၂၀၁၉ မှ ၃၁-၈-၂၀၁၉ ထိ | ၇၂၀၀၃.၆ |
| ၁-၉-၂၀၁၉ မှ ၃၁-၁၂-၂၀၁၉ ထိ | ၁၆၂၇.၆ |
| ၁-၁-၂၀၂၀ မှ ၃၀-၄-၂၀၂၀ ထိ | ၅၂၀.၃ |
| ၁-၅-၂၀၂၀ မှ ၃၁-၈-၂၀၂၀ ထိ | ၄၅၂၁၅.၄ |
| စုစုပေါင်း | ၂၀၆၀၉၅.၆ |



COVID-19
အထူးသက်သက်သာချေးငွေ
(COVID-19 Special Relief Loan)
၁၀၆၉၁.၆၀၀ သန်း
ထုတ်ချေးနိုင်ခဲ့ပါသည်။

## ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများကောင်းမွန်စေရန် ဆောင်ရွက်ခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လျာထားလုပ်ငန်း (၁၅၀)ခု

- ယခင်အစီရင်ခံသည့်ကာလ ပြီးစီးမှုလုပ်ငန်း (၇၃)ခု
- ယခုအစီရင်ခံသည့်ကာလ ပြီးစီးမှုလုပ်ငန်း (၇၀)ခု

စုစုပေါင်း ပြီးစီးမှုလုပ်ငန်း (၁၄၃) ခု

ကျပ်သန်း (၂၀၂၃၉.၉၄၅)

- ရေငန်တားတာများ
- ကွန်ကရစ်ရေတံခါးများ
- လယ်သမားတာများ
- လျှိုဖိတ်ဆည်များ၊ ချောင်းတူးဖော်ခြင်း
- ဆည်ကန်ရေလှောင်တမံများ တည်ဆောက်ပြုပြင်ခြင်းနှင့် ဆက်စပ်အဆောက်အဦများပြုပြင်ထိန်းသိမ်းခြင်း




လျှိုဖိတ်ဆည်တည်ဆောက်ပြီးစီးပုံ
(ကွင်းလျားရှည်၊ ဗွမြို့နယ်)



ကွန်ကရစ်ရေတံခါးတည်ဆောက်ပြီးစီးပုံ
( ကုလားပုန်းကျွန်းပတ်တာ၊ မြောက်ဦး)

ရခိုင်ပြည်နယ်ရှိ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ယခုအစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ဆင်တက်မော်ကျေးရွာ ကမ်းပြိုကာကွယ်ရေး (၁၀၀ %)

ဇီးကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး (၉၂%)

မင်းပြားမြို့၊ ရေလွှဲရေကာ တည်ဆောက်ခြင်း (၉၂ %)

လက်ပံကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး(၁၀၀%)

ကန်စောက်ကျေးရွာ ကမ်းပြိုကာကွယ်ရေး (၁၀၀%)

ပြားကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေး(၉၅%)

မြင်းကန်ချောင်း ချောင်းဖြတ်ဖောက်ခြင်း(၁၀၀ %)

ရေမျက်ဝကျေးရွာ ကမ်းပြိုကာကွယ်ရေး(၁၀၀%)

## သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း




သံတွဲခရိုင်၊ ဂွမြို့နယ်၊ ၂၀၁၉-၂၀၂၀ လူထုဖြန့် ပျိုးပင်များ ဖြန့်ဝေခြင်း



၂၀၁၉-၂၀၂၀ ခုနှစ်၊ အမ်းမြို့နယ် စိုက်ခင်းဟောင်းပြုစုထိန်းသိမ်းခြင်း (၁၀၀)ဧက







ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း တို့ ဆောင်ရွက်ခဲ့ပါသည်။

## နိုင်ငံသားဖြစ်မှု

**ယခုအစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

- (၂၂)ဦး — အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း
- (၅၄)ဦး — အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း
- (၇၃၆)ဦး — NV Card ထုတ်ပေးခြင်း
- (၄၆၂)ဦး — Bio Metric မှတ်တမ်းတင်ခြင်း

## နိုင်ငံသားစိစစ်ရေးကတ်နှင့် NV Card များ ထုတ်ပေးမှုအခြေအနေ

| အကြောင်းအရာ | (၁-၄-၂၀၁၇) မှ (၃၁-၁၂-၂၀၁၇) အထိ | (၁-၁-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈) အထိ | (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉) အထိ | (၁-၉-၂၀၁၉)မှ (၃၁-၁၂-၂၀၁၉) အထိ | (၁-၁-၂၀၂၀)မှ (၃၀-၄-၂၀၂၀) အထိ | (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၃၄၉)ဦး | ၁၄၈ ဦး | ၁၃၂ ဦး | ၁၇ ဦး | ၁၈ ဦး | ၁၂ ဦး | ၂၂ ဦး |
| အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၆၇၂)ဦး | ၄၈၀ ဦး | ၃၅၆ ဦး | ၃၀ ဦး | ၂၈ ဦး | ၂၄ ဦး | ၅၄ ဦး |
| NV Cardထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၁၅,၁၃၂)ဦး | ၅၁၆၂ ဦး | ၄၁၁၀ ဦး | ၁၄၆၇ ဦး | ၁၁၄၄ ဦး | ၂၅၁၃ ဦး | ၇၃၆ ဦး |
| Biometric Data စနစ်ဖြင့်မှတ်တမ်းတင်ခြင်း | | | | | | |
| စုစုပေါင်း(၁၆,၆၄၅)ဦး | ၈၅၀၁ ဦး | ၄၅၁၂ ဦး | ၃၀၂၂ ဦး | ၁၃၅၄ ဦး | ၂၈၈၅ ဦး | ၄၆၂ ဦး |
| ကမန်လူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၅၅၃၇)ဦး | ၃၃၃၆ ဦး | ၂၂၀၁ ဦး | - | - | - | - |



NVC/NID လုပ်ငန်းစဉ်များဆောင်ရွက်ပြီးနောက် နိုင်ငံသားပြုကတ်များပေးအပ်နေပုံ



နိုင်ငံသားပြုနှင့် နိုင်ငံသားအကြား အခွင့်အရေးရရှိမှ ကွာခြားမှုမရှိကြောင်း ရှင်းလင်းပြောကြားနေပုံ

## လွတ်လပ်စွာသွားလာခွင့်




COVID-19 ကာလ အသွားအလာကန့်သတ်မှုများရှိသော်လည်း ယခုအစီရင်ခံသည့်ကာလအတွင်း ကျား(၃၅)ဦး၊ မ(၂၉)ဦး၊ စုစုပေါင်း(၆၄)ဦးသည် ကျန်းမာရေး၊ သင်တန်း၊ အစည်းအဝေးကိစ္စရပ်များအတွက် ယာယီခရီးသွားလာခွင့်ပုံစံ(၄)ဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်ခဲ့ပါသည်။

## (၁-၁-၂၀၁၈)နေ့မှ (၃၁-၈-၂၀၂၀)နေ့အထိ ပုံစံ(၄)ဖြင့် ခရီးသွားလာမှုအခြေအနေ

**ပုံစံ(၄)ဖြင့် ခရီးသွားလာသူစုစုပေါင်း = ၁၃၀၅ ဦး**

| | | | | | |
|---|---|---|---|---|---|
| ကာလ | ၁-၁-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ ထိ | ၁-၁-၂၀၁၉ မှ ၃၁-၈-၂၀၁၉ ထိ | ၁-၉-၂၀၁၉ မှ ၃၁-၁၂-၂၀၁၉ ထိ | ၁-၁-၂၀၂၀ မှ ၃၀-၄-၂၀၂၀ ထိ | ၁-၅-၂၀၂၀ မှ ၃၁-၈-၂၀၂၀ ထိ |
| စုစုပေါင်း | ၃၁၉ ဦး | ၅၁၁ ဦး | ၂၄၂ ဦး | ၁၆၉ ဦး | ၆၄ ဦး |
| NVC ကိုင်ဆောင်သူ | ၆၇ ဦး | ၁၄၈ ဦး | ၁၂၃ ဦး | ၁၂၆ ဦး | ၃၃ ဦး |
| အမျိုးသားမှတ်ပုံတင်သက်သေခံကတ်-အမတ ကိုင်ဆောင်သူ | ၂၅၂ ဦး | ၃၆၃ ဦး | ၁၁၉ ဦး | ၄၃ ဦး | ၃၁ ဦး |

## IDP ကိစ္စရပ်များ

### မြေပုံမြို့၊ တောင်ပေါ် IDP စခန်းပိတ်သိမ်းရေး

မြေပုံမြို့၊ တောင်ပေါ် IDP စခန်းရှိ စခန်းနေသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများ၊ ပုံမှန်လူနေမှုဘဝများကို ပြန်လည် တည်ဆောက်နိုင်ရေးအတွက်စခန်းပိတ်သိမ်းရေးဆောင်ရွက်ခဲ့ရာ ကျန်ရှိသည့် အိမ်ရာ(၂၄၂) လုံးကို (၂၂-၅-၂၀၂၀)ရက်နေ့တွင်ဆောက်လုပ်ပြီးစီးခဲ့သဖြင့် စခန်းအား အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။



- ၂၀၀ လုံး — ၁-၁-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ ထိ
- ၁၀၀ လုံး — ၁-၁-၂၀၁၉ မှ ၃၁-၈-၂၀၁၉ ထိ
- ၁၀၀ လုံး — ၁-၉-၂၀၁၉ မှ ၃၁-၁၂-၂၀၁၉ ထိ
- ၁၈၈ လုံး — ၁-၁-၂၀၂၀ မှ ၃၀-၄-၂၀၂၀ ထိ
- ၅၄ လုံး — ၁-၅-၂၀၂၀ မှ ၃၁-၈-၂၀၂၀ ထိ

စုစုပေါင်း ၆၄၂ လုံး

## ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းရေး

ကျောက်ဖြူမြို့နယ်၊ ကျောက်တစ်လုံး IDP စခန်း ရွှေ့ပြောင်းနေရာချထားရေးကိစ္စအား အကောင်အထည်ဖော်နိုင်ရန် နေအိမ်(၃၆၃)လုံး၊ စာသင်ဆောင်(၂)ဆောင်၊ ဂိုဒေါင်(၁)ခု၊ ဆေးပေးခန်း(၁)ခန်း၊ အုပ်ချုပ်မှုရုံး (၁)ရုံး တည်ဆောက်ခြင်း၊ ရေရရှိရေးလုပ်ငန်း(၇)ခု၊ မီးသွယ်တန်းခြင်းလုပ်ငန်း(၆)ခု၊ တာဘောင်ဆည်ဖို့ခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ Box Culvert (၂)စင်း၊ မြေယာလျှော်ကြေး ပေးချေခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ တာဘောင်ဆည်ဖို့ခြင်း (1'-6" O Pipe Culvert) (၂)လုံး တည်ဆောက်ခြင်းလုပ်ငန်း (၁၀၀%) ပြီးစီးပြီ ဖြစ်ပါသည်။




ကျောက်ဖြူမြို့နယ်၊ ကျောက်တစ်လုံး IDPစခန်းနေသူများ ပြန်လည်နေရာချထားရေးအတွက် လုပ်ငန်းဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံ

ကျောက်ဖြူ၊ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းရေးကို အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ ပိတ်သိမ်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၉-၆-၂၀၂၀) ရက်နေ့တွင် ကျင်းပခဲ့ပြီး၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေး၊ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ပံ့ပိုးကူညီရေးနှင့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကို (၁၈-၇-၂၀၂၀) ရက်နေ့တွင် ကျင်းပခဲ့ရာ ကျောက်ဖြူ၊ ကျောက်တစ်လုံး IDP စခန်းပြန်လည်နေရာချထားရေးတွင် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ယာယီခိုလှုံရာစခန်းများတွင် ထောက်ပံ့ကူညီဆောင်ရွက်နေမှုများနှင့် နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးပြန်လည်ကုစားရေးအစီအစဉ်တွင် ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြပါသည်။



ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကျင်းပနေပုံ

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ (၂၄) ရက်နေ့တွင် Video Conferencing ဖြင့်ကျင်းပခဲ့ပါသည်။

## လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနိုင်မှု

လှဖိုးခေါင်ပြန်လည်လက်ခံရေးစခန်း၌ ပြန်လည်ဝင်ရောက်လာသူ (၁၅၉)ဦးအတွက် ဆန် (၂၄) ပြည်အိတ် (၅)အိတ်၊ ဆန်(၈)ပြည်အိတ်(၃၀၃)အိတ်၊ ဆီ(၃၁၈)လီတာ၊ ပဲ (၃၁၈)အိတ် နှင့် ဆား (၃၁၈) အိတ်တို့အား ထောက်ပံ့ပေးခဲ့ပါသည်။

တိုက်ပွဲရှောင်အိမ်ထောင်စု(၅၆၅၆၇)စု၊ လူဦးရေ(၂၃၆၉၀၂)ဦးအတွက် ငွေကျပ် (၁၆၂၅.၂၆) သန်း တန်ဖိုးရှိ စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ) များထောက်ပံ့ပေးခဲ့ပါသည်။

လူမှုရေးပင်စင်ထောက်ပံ့မှုအနေဖြင့် အသက်(၈၅)နှစ်အထက် ဘိုးဘွား (၁၁၂၅၇)ဦး အား (၆၆၁.၈၉၀) ကျပ်သန်း ထောက်ပံ့ပေးခဲ့ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား လစဉ်ငွေထောက်ပံ့ခြင်း

-လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် အကျိုး ခံစားခွင့်ရှိသူ (၁၃၂၄၆၅) ဦးအား (၁၁၄၄၈.၅၂၅) ကျပ်သန်း၊

- တိုက်ပွဲရှောင်(၃)မြွှာပူးမွေးဖွားသည့် မိခင်တစ်ဦးအား (၁၄-၇-၂၀၂၀) ရက်နေ့တွင် ကျပ် (၅၀၀,၀၀၀) ထောက်ပံ့ပေးခဲ့ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) မှ နေရပ်စွန့်ခွာသူလူဦးရေ (၁၁၇,၉၇၆) ဦးအတွက် စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ) နှင့် ဖြည့်စွက်အာဟာရစုစုပေါင်း (၁၄၇၆.၅၄၅) မက်ထရစ်တန် ထောက်ပံ့ပေးခဲ့ပါသည်။

### COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းနှင့် စပ်လျဉ်းသည့် ထောက်ပံ့မှုများ

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွက် စီမံချက်ရေးဆွဲပြီး အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်-

- နှာခေါင်းစည်း(၂၇၀၁၈၂)ခု၊ Hand Gel (၇၇၃၉၇)ဗူး၊ လက်ဆေးဆပ်ပြာ(၄၂၀)ဗူး၊ အပူချိန်တိုင်း ကိရိယာ (၂၁၃)ခု၊ ဆပ်ပြာ(၁၄၄၇၈၃)တောင့်၊ Hand Speaker (၂၇၇)ခု၊ အသိပညာပေးဖိုင်များပါဝင်သည့် Memory Stick (၂၆၈)ခု၊ လက်ဆေးဘေစင် (၆၅၀)ခု၊ ထုံးအိတ် (၁၆၆၃)အိတ်၊ ဗီနိုင်း (၁၃၉)ခုနှင့် PPE ဝတ်စုံများကို လည်းကောင်း၊ Quarantine Centre အဖြစ် ယာယီအဆောင်(၃၀)လုံး ဆောက်လုပ်ခြင်း ကျပ် (၂၆၆.၄ သန်း)



- CERP အစီအစဉ်ဖြင့် သောက်သုံးရေရရှိရေး၊ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွက် ဆန်၊ ဆီ၊ ဆားထောက်ပံ့ခြင်း ကျပ်(၁၆၀၄.၁၂ သန်း)




- LIFT Fund ဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက်ကလေးများ ထောက်ပံ့ခဲ့ရာ အကျိုးခံစားခွင့်ရှိသူ (၁၃၇၆၃၂)ဦးအား ကျပ်(၄,၁၂၈.၉၆၀)သန်းထောက်ပံ့ခြင်း
- Quarantine Centre များရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၅)နှစ်အောက်ကလေးများ၊ အသက်(၆၀)နှင့်အထက် ဘိုးဘွားများနှင့် မသန်စွမ်းသူများအား တစ်ဦးလျှင် (၃၀၀၀ိ/-) နှုန်းဖြင့် စုစုပေါင်း ငွေကျပ် (၁၇.၁၃)သန်း ထောက်ပံ့ခြင်း
- တိုက်ပွဲရှောင်စခန်းများရှိ အိမ်ထောင်စုများနှင့် Quarantine Site များတွင် ကိုယ်အပူချိန်တိုင်းပေးခြင်းလုပ်ငန်းများ၊ စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးမှုများ၊ ကလေးပျော်ကစားနည်းများ ကစားခြင်း၊ စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်ခြင်း
- CERP အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်း IDP စခန်းများ ၊ တိုက်ပွဲရှောင်စခန်းများတွင် ရေနှင့် သန့်ရှင်းမှုဆိုင်ရာများ၊ COVID-19 Quarantine Centre အဖြစ် အသုံးပြုရန် ကိစ္စရပ်များ ၊ COVID-19 ကာလအတွင်း စားနပ်ရိက္ခာထောက်ပံ့ရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက်ကလေးများ ထောက်ပံ့မှု၊ ဘိုးဘွားများ၊ မသန်စွမ်းသူများအား ထောက်ပံ့မှုအစီအစဉ်ကို ဤအစီရင်ခံစာတွင် (၃၁-၈-၂၀၂၀)ရက်နေ့အထိ ဆောင်ရွက်မှုများကိုသာ ဖော်ပြထားပြီး ဆက်လက်ဆောင်ရွက်မှုများကို (၁-၉-၂၀၂၀)မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

## သတင်းယူခွင့်

MRTV RADIO

GLOBAL NEW LIGHT OF MYANMAR

### သတင်းထုတ်ပြန်မှုများ

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်သတင်းစာ၊ ရုပ်သံနှင့် ရေဒီယိုအစီအစဉ်များတွင် အောက်ပါအတိုင်း သတင်းများထုတ်လွှင့်ဖော်ပြခဲ့ပါသည်-

### သတင်းထုတ်ပြန်မှုများ

| ကာလ | သတင်း | ဆောင်းပါး/ အစီရင်ခံစာ | ဓာတ်ပုံ | တွေ့ဆုံ မေးမြန်းမှု | အသိပညာ ပေးအစီအစဉ် | PSA | ဗွီဒီယို | မိန့်ခွန်း/ သဝဏ်လွှာ | သတင်းစာ ရှင်းလင်းပွဲ/ ကြေညာချက် |
|---|---|---|---|---|---|---|---|---|---|
| (၁-၁-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈)ထိ | ၁၀၄၅၄ | ၁၃ | ၁၃၁၈ | ၁၃၂ | ၁၂၁၀ | ၇၄၅ | - | ၂ | ၁ |
| (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉)ထိ | ၈၆၀၀ | ၁ | ၁၅၀၈ | ၃၆ | ၇၀၀ | ၅၈၀ | - | - | - |
| (၁-၉-၂၀၁၉)မှ (၃၁-၁၂-၂၀၁၉)ထိ | ၁၉၉၀ | ၂ | ၄၅၇ | - | ၂၈၀ | ၃၀၄ | ၄ | ၂ | ၄ |
| (၁-၁-၂၀၂၀)မှ (၃၀-၄-၂၀၂၀)ထိ | ၂၈၂၁ | - | ၂၀၉ | ၁၀ | ၃၈၄ | ၃၉၄ | ၄ | - | - |
| (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀)ထိ | ၁၆၃၇ | - | ၃၂၉ | ၁၁ | ၃၃၇ | ၆၆၆ | ၂ | ၁ | - |

## ပညာရေး

### အခြေခံပညာရေး လုပ်ငန်းဆောင်ရွက်ချက်များ

ရခိုင်ပြည်နယ်တွင် မြို့နယ်အလိုက်စာသင်ကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့မှုအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

| စဉ် | ပညာသင်နှစ် | အရေအတွက် |
|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | ၃ ကျောင်း |
| ၂ | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် | ၅၂၅ ကျောင်း |
| ၃ | ၂၀၂၀-၂၀၂၁ ပညာသင်နှစ် | ၂၈၂ ကျောင်း |



(၂၀၂၀-၂၀၂၁)ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို (၁၃-၇-၂၀၂၀)နေ့မှ (၁၇-၇-၂၀၂၀)နေ့အထိ လက်ခံဆောင်ရွက်ခဲ့ပြီး (၂၁-၇-၂၀၂၀)ရက်နေ့တွင် အခြေခံပညာ အထက်တန်းကျောင်းစုစုပေါင်း (၃၆၆)ကျောင်း စတင်ဖွင့်လှစ် သင်ကြားခဲ့သော်လည်း (၂၁-၈-၂၀၂၀)ရက်နေ့တွင် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပိတ်ထားခဲ့ပါသည်။




Grade-4, Grade-7နှင့် Grade-10 သင်ရိုးသစ်သင်တန်းများကို (၁၂.၆.၂၀၂၀) ရက်နေ့မှ (၈.၇.၂၀၂၀)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး မူလတန်းပြ၊ အလယ်တန်းပြနှင့် အထက်တန်းပြဆရာ/ဆရာမစုစုပေါင်း(၂၈၅၂၅)ဦးကို သင်တန်းပို့ချပေးခဲ့ပါသည်။




ရခိုင်ပြည်နယ်ရှိ အခြေခံကျောင်း (၂၉၂၅) ကျောင်းတွင် Language Teacher နှင့် Teaching Assistant ဆရာ/ဆရာမ စုစုပေါင်း (၄၁၅၉) ဦး ခန့်ထားကာ မူလတန်း အောက်ဆင့်ကလေးငယ်များအား ဘာသာစကား သင်ကြားပေးနိုင်ခဲ့ပါသည်။




၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် စခန်း (၅၃)ခုရှိ စာသင်ဌာနများတွင် လုပ်အားပေး ဆရာ/ဆရာမ (၅၉၄)ဦးအား ဆရာအတတ်ပညာ သင်တန်းများဖြင့် လေ့ကျင့်ပေး၍ ကျောင်းသား/သူ (၄၂၅၀၉)ဦးအား ပညာသင်ကြားခွင့်ရရှိရေးဆောင်ရွက်ပေးခဲ့ပါသည်။




အခြေခံပညာဦးစီးဌာနမှ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ငွေကျပ် (၁၇၅၅.၀၃) သန်းကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင် အခြေခံပညာကျောင်းများအား ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွင်း ပထမအကြိမ်အဖြစ် ထောက်ပံ့ပေးခဲ့ပါသည်။

## ကျောင်းပြင်ပ မူလတန်းပညာရေး



၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွင်း ရခိုင်ပြည်နယ်၊ မြို့နယ်(၁၀)မြို့နယ်တွင် စခန်း (၅၂)ခုဖြင့် ကျောင်းသား/သူ(၉၀၀)ဦးကို ကျောင်းပြင်ပ မူလတန်း ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။

| စဉ် | ပညာသင်နှစ် | စခန်းအရေအတွက် | ကျောင်းသားဦးရေ |
|---|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | ၅၉ ခု | ၁၁၅၁ |
| ၂ | ၂၀၁၉-၂၀၂၀ | ၅၂ ခု | ၉၀၀ |
| စုစုပေါင်း | | | ၂၀၅၁ |

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် Save the Children နှင့် UNICEF တို့ပူးပေါင်း၍လည်း ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေး အစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | မြို့နယ်အမည် | စခန်းအရေအတွက် | ပညာရေးအစီအစဉ် | ကျောင်းသားဦးရေ |
|---|---|---|---|---|
| ၁ | စစ်တွေ | ၁၀ | ကျောင်းပြင်ပမူလတန်း | ၃၅၆ |
| ၂ | ပေါက်တော | ၂ | ကျောင်းပြင်ပမူလတန်း | ၈၂ |
| ၃ | စစ်တွေ | ၂ | ကျောင်းပြင်ပအလယ်တန်း | ၁၃၃ |

## အဆင့်မြင့်ပညာနှင့် သက်မွေးပညာရေးလုပ်ငန်းဆောင်ရွက်ချက်များ

တောင်ကုတ်ဒီဂရီကောလိပ်ကို တောင်ကုတ်တက္ကသိုလ်အဖြစ်လည်းကောင်း၊ ကျောက်ဖြူပညာရေးကောလိပ်ကို ကျောက်ဖြူဒီဂရီကောလိပ်အဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်တက္ကသိုလ် (အဝေးသင်ဌာနခွဲ) တို့နှင့် OSS (One Stop Shop) ရုံးတို့ ပူးပေါင်း၍ ပညာသင်နှစ်အလိုက် ကျောင်းဝင်မှတ်ပုံတင်မှုများကို အောက်ပါအတိုင်း လက်ခံဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ပညာသင်နှစ် | ဌာနခွဲ | ကျောင်းသား/သူ | ဦးရေ |
|---|---|---|---|---|
| ၁ | ၂၀၁၇ | စစ်တွေ | မွတ်စလင် | ၉ |
| | | တောင်ကုတ် | | ၃၉ |
| ၂ | ၂၀၁၉ | စစ်တွေ | ရခိုင်+တိုင်းရင်းသား | ၈ |
| | | | အစ္စလာမ်ဘာသာဝင် | ၁၀ |
| ၃ | ၂၀၂၀ | တောင်ကုတ် | ကမန် | ၁၅၈ |
| | | စစ်တွေ | တိုင်းရင်းသား+မွတ်စလင် | ၃၃၈ |

* ၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများကို လတ်တလော COVID-19 ကြောင့် ယာယီဆိုင်းငံ့ထားပါသည်။

## ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း

- ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများကို အောက်ပါအတိုင်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်နိုင်ခဲ့ပါသည်-

| ပညာသင်ထောက်ပံ့ကြေး | တက္ကသိုလ်အမည် | ကျောင်းသား/သူ ဦးရေ | |
|---|---|---|---|
| | | ကျား | မ |
| အဆင့်မြင့်ပညာဦးစီးဌာန ပညာသင်ထောက်ပံ့ကြေး | စစ်တွေတက္ကသိုလ် | ၂၆ | ၃၄ |
| ဦးတင်မောင်ပညာသင်ထောက်ပံ့ကြေး | စစ်တွေနည်းပညာတက္ကသိုလ် | ၄ | ၁၈ |
| ကွန်ပျူတာတက္ကသိုလ်ကျောင်းသားဟောင်းများ(စက်ဘ၁ပူ) ပညာသင်ထောက်ပံ့ကြေး | ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) | ၁ | - |
| ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(CDNH)ရခိုင်ပြည်နယ်ပညာသင်ထောက်ပံ့ကြေး | စစ်တွေတက္ကသိုလ် | ၁ | ၁ |
| ရခိုင်ပညာသင်ထောက်ပံ့ကြေး | တောင်ကုတ်တက္ကသိုလ် | ၄ | ၅ |
| စုစုပေါင်း | | ၃၆ | ၅၈ |

(၉၆၉) ဦး၊ တစ်လလျှင် (၃၀,၀၀၀/-)နှုန်း

နည်းပညာနှင့် သက်မွေးပညာကဏ္ဍဆောင်ရွက်မှုများအနေဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)တို့တွင် AGTI Diploma (၃)နှစ်သင်တန်းများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ)တွင် GTHS (၂)နှစ်သင်တန်းများရှိ ကျောင်းသား/သူ(၉၆၉)ဦးကို တစ်ဦးလျှင် တစ်လ (၃၀၀၀၀) ကျပ် ထောက်ပံ့ပေးပါသည်။

- အစီရင်ခံသည့်ကာလအတွင်း တက္ကသိုလ်ကောလိပ်များတွင် တည်ဆောက်ရေးလုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

| စဉ် | လုပ်ငန်း | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | စစ်တွေတက္ကသိုလ်၊ မီးလိုင်းဆွဲခြင်း | ၁၀၀% |
| ၂ | စစ်တွေတက္ကသိုလ်၊ မြေသားကျောက်ချောလမ်းခင်းခြင်း | ၁၀၀% |
| ၃ | စစ်တွေတက္ကသိုလ်၊ (၃) ထပ်စာသင်ဆောင်ဆောက်လုပ်ခြင်း | ၉၂% |
| ၄ | စစ်တွေတက္ကသိုလ်၊ ကွန်ကရစ်လမ်းခင်းခြင်း | ၈၀% |
| ၅ | စစ်တွေတက္ကသိုလ်၊ အုတ်ခြံစည်းရိုးကာရံခြင်း | ၇၅% |
| ၆ | တောင်ကုတ်ဒီဂရီကောလိပ်၊ (၁၆၀)ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင်ဆောက်လုပ်ခြင်း | ၄၅% |
| ၇ | တောင်ကုတ်ဒီဂရီကောလိပ်၊ (၃) ထပ်စာသင်ဆောင် တည်ဆောက်ခြင်း | ၆၀% |
| ၈ | တောင်ကုတ်ဒီဂရီကောလိပ်၊ တက္ကသိုလ်ဝန်းအတွင်း ကျောက်ချောလမ်းတည်ဆောက်ခြင်း | ၁၀၀% |
| ၉ | တောင်ကုတ်ဒီဂရီကောလိပ်၊ Box Culverts-5-Nos တည်ဆောက်ခြင်း | ၈၀% |
| ၁၀ | နည်းပညာတက္ကသိုလ် (စစ်တွေ)၊ (၁၆၀) ဦးဆံ့ ကျောင်းသားအိပ်ဆောင်ဆောက်လုပ်ခြင်း | ၅၇% |
| ၁၁ | နည်းပညာတက္ကသိုလ် (စစ်တွေ)၊ (၃) ထပ်စာသင်ဆောင်သစ် | ၁၀၀% |
| ၁၂ | ကျောက်ဖြူဒီဂရီကောလိပ်၊ (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၈၅% |
| ၁၃ | ကျောက်ဖြူဒီဂရီကောလိပ်၊ သင်တန်းသား (၁၆၀) ဆံ့အိပ်ဆောင် | ၅၈% |

## ကျန်းမာရေး


### ကျန်းမာရေးစောင့်ရှောက်မှု





ရခိုင်ပြည်နယ်အတွင်း ရွေ့လျားဆေးအဖွဲ့များဖြင့် ဆေးခန်းဖွင့်လှစ်ကုသပေးမှုမှတ်တမ်းဓာတ်ပုံ

**အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်တွင် စုစုပေါင်းလူနာ(၉၆၉၁၁)ဦး ဆေးကုသပေးနိုင်ခဲ့ပါသည်။**




## ကျန်းမာရေးဝန်ထမ်းများသင်တန်းပေးမှုအခြေအနေ

| သင်တန်း | တိုင်းရင်းသား | မွတ်စလင်ဘာသာဝင် | စုစုပေါင်း |
|---|---|---|---|
| အရန်သားဖွားသင်တန်း | ၁၅ | - | ၁၅ |
| လူထုကျန်းမာရေးလုပ်သားသင်တန်း(သစ်လွင်) | ၁၁ | ၁၂ | ၂၃ |
| **စုစုပေါင်း** | ၂၆ | ၁၂ | ၃၈ |

## အာဟာရကျန်းမာရေးစောင့်ရှောက်မှု




အာဟာရကျန်းမာရေးဆိုင်ရာ သင်တန်း(၆)ကြိမ်




သင်တန်းသားစုစုပေါင်း (၁၁၂)ဦး



အာဟာရကျန်းမာရေးဆိုင်ရာအစည်းအဝေး (၉)ကြိမ်ကျင်းပခဲ့ပါသည်


- (၉-၆-၂၀၂၀)ရက်နေ့တွင် ဆင်တက်မော် RHC နှင့် ယာယီကယ်ဆယ်ရေးစခန်း (IDP camps)များသို့ အာဟာရဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

## ကျန်းမာရေးဝန်ထမ်းများခန့်အပ်ထားရှိမှုအခြေအနေ




## ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း

ရခိုင်ပြည်နယ်အတွင်းရှိ (၁)နှစ်အောက် ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား လစဉ် ပုံမှန်ကာကွယ်ဆေး ထိုးနှံဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း တစ်နှစ်အောက်ကလေးဦးရေ (၁၈၉၄၇)ဦးနှင့် ကိုယ်ဝန်ဆောင်ဦးရေ(၂၀၈၉၅)ဦးတို့အား ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပါသည်။







ရခိုင်ပြည်နယ်အတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးဆောင်ရွက်မှု



COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် တာဝန်ရှိသူများနှင့် (၂၈-၈-၂၀၂၀) ရက်နေ့တွင် Video Conferencing ဖြင့် အစည်းအဝေးပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အရေးပေါ်အစီအမံများ ချမှတ်ထားပြီးဖြစ်ကြောင်း၊ ပြည်သူများ အပြင်မထွက်ကြရန် ပြောကြားသည်မှာ ဒဏ်ပေးခြင်း မဟုတ်ပါကြောင်း၊ ရောဂါရှိသူများကို ထိထိရောက်ရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဖြစ်ပါကြောင်းနှင့် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ပြည်ထောင်စုတစ်ခုလုံးရှိပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

- (၂-၆-၂၀၂၀) ရက်နေ့တွင် "ရခိုင်ပြည်နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၂၀)"ကို ကျင်းပခဲ့ပါသည်။
- ကိုဗစ်-၁၉ ကာလတွင် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် စည်းကမ်းချက်များနှင့်အညီ အင်အားဖြည့်တင်းနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို (၃၀-၈-၂၀၂၀) ရက်နေ့က Video Conferencing ဖြင့် ကျင်းပခဲ့ပါသည်။
- (၂၀-၈-၂၀၂၀) ရက်နေ့တွင် ရခိုင်ပြည်နယ် ကိုဗစ်-၁၉ အသိပညာပေးရေးနှင့် သတင်းစုဆောင်းထုတ်ပြန်ရေးကော်မတီက စစ်တွေမြို့ မြို့မဈေးကြီး၌ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာသူပြည်သူများအား အဝတ်နှာခေါင်းစည်းများနှင့် တစ်ခါသုံးနှာခေါင်းစည်း (၃၀၀၀) ကျော်ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။
- (၂၉-၈-၂၀၂၀) ရက်နေ့တွင် စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအတွက် သီးသန့်လူနာဆောင်တွင် ခုတင်များ ဖြည့်သွင်းတပ်ဆင်နေမှုနှင့် သီးသန့်လူနာဆောင်အခန်းဖွဲ့စည်းဆောင်ရွက်ထားရှိခြင်း၊ ပြည်နယ်အစိုးရအစီအစဉ်ဖြင့်"မိမိဆန္ဒအလျောက်" ယာယီတာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများအား တွေ့ဆုံ၍ ထောက်ပံ့ငွေ (၄၅)သိန်း ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## မူးယစ်ဆေးဝါးများ




ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အောက်ဖော်ပြပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည် -

**ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖမ်းဆီးရမိမှုအခြေအနေ**

| ကာလ | အမှုပေါင်း | တရားခံ (ကျား) | တရားခံ (မ) | တရားခံ (ပေါင်း) | တန်ဖိုးငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|
| (၁-၄-၂၀၁၇)မှ (၃၁-၁၂-၂၀၁၇)ထိ | ၁၂၂ | ၁၇၄ | ၁၇ | ၁၉၁ | ၅၅၅၀၃၉.၀၇၈၂ |
| (၁-၁-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈)ထိ | ၂၆၅ | ၃၀၉ | ၄၄ | ၃၅၃ | ၇၅၈၀၀၁၂.၀၁၅ |
| (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉)ထိ | ၁၉၄ | ၂၅၄ | ၃၉ | ၂၉၃ | ၆၃၁၄၉၁.၇၀၅၈ |
| (၁-၉-၂၀၁၉)မှ (၃၁-၁၂-၂၀၁၉)ထိ | ၈၆ | ၉၁ | ၂၂ | ၁၁၃ | ၁၄၃၄၄၁.၉၃၇၅ |
| (၁-၁-၂၀၂၀)မှ (၃၀-၄-၂၀၂၀)ထိ | ၅၁ | ၇၄ | ၉ | ၈၃ | ၂၆၇၈၃၂.၄၁၇၅ |
| (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀)ထိ | ၇၂ | ၁၁၀ | ၁၇ | ၁၂၇ | ၆၄၁၉၅၈.၉၈၂၅ |

## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု


(၁၀-၈-၂၀၂၀)ရက်နေ့မှ (၁၃-၈-၂၀၂၀)ရက်နေ့အထိ စစ်တွေမြို့၌ IFES အဖွဲ့၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများသည် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ (၁၇-၈-၂၀၂၀)ရက်နေ့တွင် DIPDအဖွဲ့၊ ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများသည် အွန်လိုင်းစနစ်ဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်ချက်များ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ဆွေးနွေးခဲ့ကြပါသည်။

## လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး

မောင်တောမြို့၊ CDNH ရုံးတွင် လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းစေရေးဦးတည်သော Covid-19 ကာကွယ်ရေးလှုပ်ရှားမှုဆိုင်ရာ သင်တန်းများအနေဖြင့် (၅-၈-၂၀၂၀)ရက်နေ့မှ (၈-၈-၂၀၂၀)ရက်နေ့အထိ ဘက်စုံသုံးဆပ်ပြာရည် ပြုလုပ်နည်းသင်တန်း(၃)ကြိမ်ကို တိုင်းရင်းသား(၆၃)ဦး၊ မွတ်စလင်(၂၇)ဦး၊ စုစုပေါင်း (၉၀)ဦးဖြင့်လည်းကောင်း၊ (၈-၈-၂၀၂၀)ရက်နေ့မှ(၁၃-၈-၂၀၂၀)ရက်နေ့အထိ နှာခေါင်းစည်းချုပ်လုပ်နည်းသင်တန်း(၅)ကြိမ်ကို တိုင်းရင်းသား (၆၇)ဦး၊ မွတ်စလင်(၂၃)ဦး၊ စုစုပေါင်း(၉၀)ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်း မြို့နယ်(၁၁)မြို့နယ်ရှိ ပညာသင်အခြေခံပညာကျောင်း(၁၆၃)ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/သူ (၄၅၄၃၈)ဦးတို့ကို လူမျိုး၊ ဘာသာမခွဲခြားဘဲ လူ့အဖွဲ့အစည်းများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်တတ်စေရန် အစိုးရ၊ UK Department of Foreign and International Development (DFID)နှင့် UNICEF တို့ ပူးပေါင်း၍ Learning Together Programme ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

"အတူတကွစာဖတ်ကြစို့"
- ကျောင်းစာကြည့်တိုက်များထူထောင်ခြင်း
- ရွှေ့လျား(သို့)စာသင်ခန်းတွင်း စာကြည့်တိုက်နှင့်စာအုပ်များပံ့ပိုးပေးခြင်း၊




"အတူတကွကစားကြစို့"
- အားကစားပစ္စည်းများထောက်ပံ့ပေးခြင်း၊
- ဆရာ/မ များအား သင်တန်းပေးခြင်း



"ကျောင်းတွင်းတစ်ကိုယ်ရည် သန့်ရှင်းမှုမြှင့်တင်ကြစို့"
- ကျောင်း(၅၀)တွင် ရေနှင့် မိလ္လာစနစ်များအဆင့် မြှင့်တင်ပေးခြင်း



"အတူတကွကျောင်းပြန်တက်ကြစို့"
- ကျောင်းပြင်ပရောက်ကလေးများ ကျောင်းသို့ ပြန်လည်ဝင်ရောက်လာအောင် ထောက်ပံ့ကူညီခြင်း



"လုပ်ငန်းခွင်သာယာရေး,ဆရာ/မများကို ဝိုင်းဝန်းပံ့ပိုးကြစို့"
- ဆရာ/မများ ကျောင်းသို့လုံခြုံစွာ ပညာသင်ကြားနိုင်ရန် ကြိုပို့ယာဉ်(၂၄)စီး ပံ့ပိုးပေးထားခြင်း



## လုံခြုံရေးကဏ္ဍ

- လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း(၃၇၅၆)ကြိမ်၊ ဝပ်ကင်း(၈၂၁၇)ကြိမ် ဆောင်ရွက်ခဲ့ပြီး မှုခင်းများစုံစမ်းစစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲတင်ပို့ခြင်း၊ အကြမ်းဖက်မှုများ၊ လက်နက်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုများနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများအား အရေးယူဆောင်ရွက်လျက်ရှိပါသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ရခိုင်ပြည်နယ် စစ်တွေမြို့အတွင်း လုံခြုံရေး ဆောင်ရွက်နေစဉ်

- ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် လုပ်ငန်းခွင်ဆိုင်ရာကျွမ်းကျင်မှုသင်တန်း(၉)ကြိမ် ဖွင့်လှစ်၍ အရာရှိ (၂၄) ဦး၊ အမှုထမ်း (၆၂၄)ဦး၊ စုစုပေါင်း (၆၄၈) ဦးတို့အား လေ့ကျင့်ပေးခဲ့ပါသည်။




ရဲအရာရှိ (၂၄) ဦး

လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း (၉)ကြိမ်

ရဲအမှုထမ်း (၆၂၄)ဦး

## ဘာသာစကားသင်တန်းများဖွင့်လှစ်ခြင်း



- (၆-၇-၂၀၂၀)ရက်နေ့မှ (၂၅-၉-၂၀၂၀)ရက်နေ့အထိ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့တွင် ဒေသခံဘာသာစကားသင်တန်းအား သင်တန်းသား (၄၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။


## တရားမျှတမှုရရှိရေး

### တိုင်တန်းချက်များအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ဆောင်ရွက်ချက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ရခိုင်ပြည်နယ်(ရုံးခွဲ)သို့ UNRC မှ တာဝန်ရှိသူများက (၂၉-၄-၂၀၂၀)ရက်နေ့တွင် လာရောက်တွေ့ဆုံခဲ့ပြီး ကော်မရှင်သို့ တိုင်ကြားစာပေးပို့သည့်ပုံစံ၊ အကြောင်းအရာများနှင့် ရွေးကောက်ပွဲတွင် အကြောင်းအမျိုးမျိုးကြောင့် မဲပေးခွင့် မရသူများက ကော်မရှင်သို့ တိုင်တန်းသည့်အခါ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ တို့ကို ဆွေးနွေးခဲ့ရာ တိုင်တန်းချက်များအရ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများနှင့်စပ်လျဉ်း၍ ကော်မရှင်က ကာကွယ်စောင့်ရှောက် အရေးယူဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကော်မရှင်သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ရခိုင်ဘာသာအပါအဝင် တိုင်းရင်းသားဘာသာ(၁၁)မျိုးဖြင့် ဘာသာပြန်ဆိုထားသည့် **"တိုင်ကြားနိုင်ပါသည်"** ဟူသော ကော်မရှင်၏ အသိပေးကြေညာချက်ကို တိုင်းရင်းသားဘာသာရုပ်သံ အစီအစဉ်များ၊ မေယု FM (ရခိုင်ဘာသာ)၊ တိုင်းရင်းသားဘာသာ ရေဒီယိုလိုင်းများတွင် ထုတ်လွှင့်ပေးနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ အဆိုပါဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှ စတင်၍ သက်ဆိုင်ရာရုပ်သံလိုင်းနှင့် ရေဒီယိုလိုင်းများတွင် တစ်ပတ်လျှင် တစ်ကြိမ်စီ ထုတ်လွှင့်သွားရန် ညှိနှိုင်း စီစဉ်ထားရှိပါသည်။

### တိုင်တန်းချက်များအပေါ် ဆောင်ရွက်ပေးမှုအခြေအနေ



## ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု


### မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက်-

- **ရှေးဟောင်းအဆောက်အအုံများမှတ်တမ်းပြုစုရေးဆပ်ကော်မတီမှ-** မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အသိပေးဆိုင်းဘုတ်များ၊ မြေပုံဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။
- **ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ-** နန်းတော်ရာကုန်းပထမထပ်၊ ဒုတိယထပ်၊ တတိထပ်အနီး ပတ်ဝန်းကျင်ဒေသများ၊ နန်းတော်ရာ ကုန်းအနောက်ဘက်၊ မြောက်ဘက်၊ တောင်ဘက် ဒုတိယထပ်နှင့် တတိယတံတိုင်းအနီး ပတ်ဝန်းကျင်ဒေသ၊ တောင်ဘက် ပထမထပ်၊ ဒုတိယတံတိုင်း၊ တောင်ဘက်နှင့် အရှေ့ဘက် တတိယတံတိုင်း၊ နန်းတော်ရာကုန်း ပထမထပ်အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက် ပတ်ဝန်းကျင်နှင့် နန်းတော်ရာကုန်း မြောက်ဘက်ကျုံးရေထွက်ပေါက် မြေညှိခြင်း၊ နန်သားကန် ပတ်ဝန်းကျင်ဒေသ၊ ဘားဘူတောင်တံတိုင်း၊ အနောက်မြေထဲစေတီ၊ မုတ်ဆိတ်တော် အရံစေတီ၊ တေဇရာမစေတီ၊ အရှေ့မြတန်စောင်းစေတီ၊ အနောက် မြတန်စောင်းစေတီနှင့်ဘုရားပေါင်းစေတီတို့အား ထိန်းသိမ်းရေးဆောင်ရွက်နိုင်ရန်အတွက်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး

### မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံကြား ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ





## ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၂၆-၆-၂၀၂၀)ရက်နေ့တွင် ကျင်းပခဲ့သည့် (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရာတွင်လည်းကောင်း၊



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့သည် (၁၂-၅-၂၀၂၀)ရက်နေ့တွင်ရန်ကုန်မြို့၊အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန၌ အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊



- အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် (၁၉-၆-၂၀၂၀) ရက်နေ့တွင် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အဆင့်မြင့် ဗွီဒီယိုကွန်ဖရင့်နှင့် (၂၄-၆-၂၀၂၀)ရက်နေ့တွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတွင်လည်းကောင်း၊
- အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့သည်(၂၇-၇-၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးဆိုင်ရာ




အာဆီယံ-မြန်မာ တတိယအကြိမ် အဆင့်မြင့်ညှိနှိုင်းအစည်းအဝေးတွင်လည်းကောင်း ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေး၊ ရေရှည်ဖွံ့ဖြိုးရေးနှင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များတွင် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ IDPစခန်းများ ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာ

ချထားရေးကိစ္စရပ်များ၊ IDPများနှင့် ယာယီနေရပ်စွန့်ခွာသူများကို စားနပ်ရိက္ခာပေးအပ်နိုင်ရေး WFP၊ ICRCတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပြန်လည်လက်ခံရေးအတွက် မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်မှုများ၊ IDPစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြပါသည်။

## ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု

ကော်မတီစတင်ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံစာ(၇)ကြိမ်ဖြင့် တင်ပြနိုင်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ မေလမှ ဩဂုတ်လအထိ (၄)လတာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို အဋ္ဌမအကြိမ်မြောက် ပြည်သူသို့ အစီရင်ခံစာအဖြစ် ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

